## ခေတ်သစ်ရှုကုန်သည်

ဖားကန့်က ပြန်လာတဲ့
ကားဆရာသားတွေက ပြောတယ်
အဲဒီတောင် အဲဒီတော
ကုန်ကားကြီးတွေ မောနေအောင် မောင်း
ကျောက်စိမ်းတွင်း မြောင်းကြီးတွေ
ဆုံးကြောင်း မတွေ့ရပါတဲ့။

ဩော် – ဒီကျောက်စိမ်းတွေ
ဘယ်ရောက်သွားပါလေလိမ့်
မသိတဲ့အဖေ မေးစကား
သား ဖြေ
ကျွန်တော်တို့ ကားတွေနဲ့ ပို့လိုက်ရတာ
ရောမ ကား ၁၂ စင်းတဲ့
ပြီးတော့ ၁၂ စင်း
ပြီးတော့ ၁၂ စင်း။

ကချင်ပြည်နယ်တစ်ကြော
တောကြီးတွေ ကြည့်မဆုံး
ကျွန်းသစ်လုံး တခြား သစ်လုံး
နတ်ပြည်ကို တံတားကုံးနိုင်သတဲ့။

အဲဒီ သစ်လုံးတွေ
ဘယ်ရောက်သွားပါလေလိမ့်
မသိတဲ့ အဖေ မေးစကား
သား ဖြေ
သူတို့ ကားတွေနဲ့ ထုတ်သွားပြီလေတဲ့။

ဟိုနေ့က မြင်ရ
ရောမ ကချင်တောင်ကြီးတွေ
ခေါင်းပြောင် နေကြပါကလား
ခါးမှာလည်း မြဝတ်လဲ စုတ်ပြတ်ပြဲလို့။

ခါကာဘိုရာဇီ ဝန်းကျင်
ကချင်မြစ်တွေ ချောင်းတွေ
ရေခဲတုံးကလေးတွေနဲ့
ပုံဆန်း သစ်ခွပန်းတွေ
ပန်လာကြသေးလေရဲ့လား ဟင်။

လိပ်ပြာကျောက်စရစ်
မြစ်ဆုံဆိုလား
ဧရာဝတီနှာဖျားကို
နဖားကြိုးတည်း
လျှပ်စစ်ပန်း လျှပ်စစ်ပွင့်တွေ လက်လက်ဝဲ
ကေရီမကြီးရဲ့ လည်ဆွဲတဲ့လေ။

တို့မြေက ထွက်သမျှ
နားရွက်တစ်ဖျား ပိုမြင့်သူတွေက
ရွှေစနဲ့ မုန့်လက်ညှိုးနဲ့ လဲ
အခုခေတ် ကုန်သည်ရှု
ရှဲရှဲ ရှဲရှဲ" ။

**အုံမောင်**